# မြန်မာနိုင်ငံမှ ၂ နှစ်ကြာပြီးနောက် သိမ်းဆည်းခံမြေယာများ ပြန်လည်စွန့်လွှတ်ပေးခြင်း တိုးတက်မှုဖြစ်စဉ်

# ဒီဇင်ဘာ ၂၀၁၅

---


Namati သည် ပြည်သူ့လွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ၂၀၁၃ ခုနှစ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် ဤအကျဉ်းချုပ်တင်ပြမှုကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားသော စိတ်ပါဝင်စားသူများအား အထောက်အကူပေးနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။ မြေယာသိမ်းယူမှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် ဆီလျော်မှုမရှိ (သို့မဟုတ်) ထိုက်သင့်သည့် လျော်ကြေးတစုံတရာပေးခြင်းမရှိဘဲ မြေသိမ်းယူခံရသည့် မြန်မာနိုင်ငံသား များအတွက် တရားမျှတမှုကို တိုးမြှင့်နိုင်ရန် အဆိုပါကော်မရှင်ကို တာဝန်ပေးအပ်ထားပါသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေးကော်မရှင်မှ အထွေထွေအတွင်းရေးမှူး၏ ပြောကြားချက်အရ ၂၀၁၅ခုနှစ် ဖွန်လအထိ ကော်မရှင်သို့ တင်ပြခဲ့သည့် အမှုပေါင်း ၃၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် အမှုပေါင်း ၂၀၀၀ ခန့်ကို ကြားနာခဲ့ပြီး ဖြစ်သည်ဟု သိရှိရပါသည်။ အမှုပေါင်း ၈၈၂ မှ (သို့မဟုတ်) ၄%ကို လျော်ကြေးငွေရရှိစေရန် ဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါ သည်။ အမှုအများစုသည် မိသားစု အများစုနှင့် သက်ဆိုင်နေသည့်အမှုများဖြစ်ရာ ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ ကော်မရှင်အနေဖြင့် မိသားစု ၃၃၆၀၈ ဦး၏ အကျိုးကျေးဇူး အလို့ငှာ မြို့ပြရှိ ကေများနှင့် လယ်ကေ ၃၃၅၀၀ ခန့်ကို ပြန်လည်ပေးအပ်ခဲ့ပါ သည်။

Namati ၏ အတွေ့အကြုံအရ လျော်ကြေးငွေ (သို့) မြေယာပြန်ရသည့် အမှုအရေအတွက်သည် ယခုထက်ပိုမို များပြားသင့်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သိမ်းယူခံရသည့် မြေများအတွက် မြေယာပြန်ပေးခြင်း နှင့်လျော်ကြေးငွေပေးခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အကူအညီ ပေးနိုင်မည့်အချက်များနှင့် တရားမျှတသည့် ရလဒ်များထွက်ပေါ်လာမည့် ဖြစ်နိုင်ခြေ အနေအထားများပိုမို ဖြစ်ပေါ်စေရန် လုပ်ဆောင်မှုများကို လည်း ထောက်ခံအကြံပြုထားပါသည်။ ဤအကျဉ်းချုပ်တင်ပြမှုတွင် Namati မှ စီမံခန့်ခွဲရေးနည်းလမ်းများကို အသုံးပြုရန် လေ့ကျင့်သင်ကြားပေး ထားသည့် လူထုအခြေပြု ဥပဒေအထောက်အကူပြုသူကွန်ယက်ကို အသုံးပြုပြီး ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် အတွင်း ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်ပွားသည့် မြေသိမ်းယူမှု အမှုများ ဖြေရှင်းပုံကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။


# ၁။ နောက်ခံအကြောင်းအရာ

Namati နှင့် ၎င်း၏ ဒေသခံမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Civil and Political Rights Campaign Group - CPRCG တို့သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခု[၂] အတွင်း ဖြစ်ပွားခဲ့သော "မြေသိမ်းဆည်းခံအမှု" ၁၅၀ ကျော်ကို ဒေသခံဥပဒေအထောက်အကူပြုသူများနှင့်[၁] ၂၀၁၃ ခုနှစ် မှ စတင်ကာ ပူးပေါင်းဖြေရှင်း လျက်ရှိပါသည်။ အဆိုပါအမှုများအနက် [၃][၄] အချို့အမှုသည် မြေကေအနည်းငယ် (၈.၅ဧကခန့်)၊ အချို့အမှုသည် မြေဧက ရာပေါင်းများစွာ (အများဆုံး ဧက၂၇၀၀) ပါဝင်ပါသည်။ စုစုပေါင်း သိမ်းယူခံရသည့် မြေဧက ၁၄၀၀၀ ခန့် ရှိပြီး တောင်သူ ၁၈၀၀ ကျော်တို့ကို ထိခိုက်စေခဲ့ပါသည်။




Namati နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများမှ အကူအညီပေးလျက်ရှိသူ အများစုသည် အသေးစားတောင်သူများဖြစ်ပြီး ၎င်းတို့၏ ၆၀%ကျော် သည် အခြားစိုက်ပျိုးရေးမြေကို မပိုင်ဆိုင်ကြပါ။ ဆိုလိုသည်မှာ လောက်ငသည့် လျော်ကြေးငွေ (သို့မဟုတ်) သိမ်းဆည်းခံမြေ ပြန်ပေးခြင်းကို ၎င်းတို့၏ ဘဝရပ်တည်မှု လုံခြုံရေးအတွက် လိုအပ်ပါသည်။ ထို့အပြင် Namati နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများမှ ကူညီဆောင်ရွက်ပေးသောအမှုများ၏ ၆၃% တွင် ထိခိုက်နစ်နာသူတစ်ဦးလျှင် မြေယာသိမ်းယူမှုမပြုခင်က ၎င်းမြေကို ပိုင်ဆိုင်ကြောင်း ပြဆိုနိုင်သည့် စာရွက်စာတမ်းအထောက်အထား အနည်းဆုံးတစ်ခု (ဥပမာ - အခွန်ပြေစာ) ပြသနိုင်ပါသည်။ စာရွက်စာတမ်းမရှိသော ကျန်ရှိသည့် ၃၇% သည် အငြင်းပွားသည့် မြေပေါ်တွင် ဘိုးစဉ်ဘောင်ဆက်အလိုက် နေထိုင်စားသောက်နေသူများဖြစ်ပါသည်။

မြေယာသိမ်းယူမှုအများစုသည် ၂၀၁၁ ခုနှစ်နှင့် ၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်းတွင် သိမ်းယူခဲ့ခြင်းဖြစ် ပြီး ယခင်အစိုးရ၊ တပ်မတော်နှင့် ၎င်းတို့နှင့် ဆက်နွယ်သူများ (သို့မဟုတ်) ပေါက်ရောက်ပြီး အဆက်အသွယ် ကောင်းသူများက စိတ်ကျေနပ်လောက်စရာ




[၁] ရပ်ရွာလူထုအခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများကို အခြေခံသိသင့်သော ဥပဒေနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ စည်းရုံးခြင်း၊ ပညာပေးခြင်း နှင့် အကြံပြုပေးခြင်း စသည့် ကျွမ်းကျင်မှုများကို ပို့ချပေးထားပါသည်။ ၎င်းတို့အနေဖြင့် လူတစ်ဦးချင်း (သို့) ရပ်ရွာပြည်သူများအား ပြဿနာများဖြေရှင်းပေးရာတွင်ကူညီပေးနိုင်ရန် ပုံစံတကျ ဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် သမားရိုးကျအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

[၂] ဤအကျဉ်းချုပ်တင်ပြမှုတွင် ပါဝင်သည့် နည်းလမ်းကို အသေးစိတ်သိရှိလိုပါက နောက်ဆက်တွဲကို ရှုပါ။

[၃] "အမှု" ဟုသောအသုံးအနှုန်းသည် ဥပဒေအထောက်အကူပြုသူထံမှ (တစ်ဦးတည်းဖြစ်စေ (သို့) စုပေါင်းပြီး ဖြစ်စေ) အမှုသည်က မြေယာသိမ်းယူမှု အငြင်းပွားမှုအတွက် အကူအညီတောင်းခံမှုကို ရည်ညွှန်းသည့် ဥပမာ ဖြစ်ပါသည်။ တရားရုံးတင်ဆောင်ရွက်မှုကို မဆိုလိုပါ။


[၄] "ဖြေရှင်းပြီး" နှင့် "ပိတ်သိမ်း" ဆိုသည်မှာ ၂၀၁၅ ခုနှစ် အောက်တိုဘာအထိ အစိုးရက ဆုံးဖြတ်ပေးခဲ့သော အမှုများ (သို့) အမှုသည်၏ ရုပ်သိမ်းမှုများကို ဆိုလိုပါသည်။ အကယ်၍ မူဝါဒများ (သို့) ဥပဒေ အနေဖြင့် အပြောင်းအလဲ ဖြစ်ခဲ့လျှင် အမှုသည်များအနေဖြင့် အနာဂတ်တွင် ထပ်မံဖြေရှင်းနိုင်မည်ဖြစ်ပါသည်။


အကြောင်းပြချက် (သို့မဟုတ်) ရှင်းလင်းချက် တစုံတရာမပေးဘဲ မကြာခဏမြေယာများ သိမ်းယူခဲ့ပါသည်။ အဆိုပါမြေယာသိမ်းယူမှုများ၏ နောက်ဆက်တွဲ အကျိုးဆက်များကို ယနေ့တိုင် ဆက်လက်ခံစားနေရဆဲဖြစ်ပါသည်။ ထို့ကြောင့်အတိတ်တွင် မြေယာအသိမ်းခံရသည့် တောင်သူအများစုသည် ၎င်းတို့၏ မြေယာများ ပြန်လည် ရရှိရေးအတွက် ယခုအခါပထမဆုံးအကြိမ် အခိုင်အမာကြိုးစားတောင်းဆိုလျက်ရှိကြပါသည်။

Namati နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများမှ  ကိုင်တွယ်သော အမှုများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မြေကေအကျယ်အဝန်းများနှင့် အမှုဖြေရှင်းပြီးပြတ်မှုနှုန်းများသည်လည်း ကွာခြားကြပါသည်။ ဧရာဝတီတိုင်းတွင် အမှုတစ်ခုလျှင် ပျမ်းမျှ ၂၅ ဧက ဖြစ်နိုင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၇.၅ ဧက၊ မကွေးတိုင်းတွင် ၁၆ ဧက၊ ပဲခူးတိုင်းတွင် ၆ ဧကနှင့် စစ်ကိုင်းတိုင်းတွင် ၅.၈ ဧကတို့ ဖြစ်ပါသည်။
ဥပမာ- ကျွန်ုပ်တို့အနေဖြင့် ဥပဒေအထောက်အကူပေးသူများ၏ အားထုတ်မှုကြောင့် အမှုဖြေရှင်းသည့်နှုန်းကို ယခုအနေအထားထက်ပို၍ မြင့်မားအောင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။
ပထဝီအနေအထားလွှမ်းခြုံမှုအရလည်းကောင်း တစ်ဦးတည်းပိုင်မြေယာအမှုနှင့် တစ်ဦးထက်မကသော လူအများပါဝင်သည့် မြေယာအမှု၊ နှစ်ခုစလုံးပါဝင်ခြင်းဖြင့်လည်းကောင်း မြေသိမ်းယူမှု အမျိုးမျိုး၏ ပါဝင်မှုတို့အပေါ် အခြေပြုမှုအရလည်းကောင်း  ကျွန်ုပ်တို့ နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများ ကိုင်တွယ်သည့် အမှုများသည် လူအများစုကို ကိုယ်စားပြုသည့် အမှုများမဟုတ်သော်လည်း ဤအမှုများသည် မြန်မာနိုင်ငံအတွင်း မြေယာသိမ်းယူမှုများကို နိုင်ငံတော်အစိုးရကမည်သို့ကိုင်တွယ်နေသည်ကို တိကျသည့် မြင်ကွင်း အဖြစ် ဖော်ပြပေးနိုင်မည်ဟု ယုံကြည်မိပါသည်။


## ၂။ မြေယာသိမ်းယူမှု ပဋိပက္ခများအား ဖြေရှင်းရာတွင် ဖြစ်ပေါ်တိုးတက်မှု

မြေယာပဋိပက္ခများကို ၂၀၁၃ ခုနှစ်ကတည်းက ဖြေရှင်းလျက်ရှိရာ တိုးတက်မှုကို တွေ့မြင်ရပါသည်။ Namati နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများမှ ကိုင်တွယ်သောအမှုများအနက် ၄၄ မှုတွင် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကြားနာသည့် အမှု စုစုပေါင်း အနက် ၄% နှင့် နှိုင်းယှဉ်လျှင် မြေဧက ၄၄၀၀ နှင့် ထိခိုက်နစ်နာသည့် တောင်သူ ၅၀၀ တို့အတွက် ကုစားမှုအချို့ ပေးခြင်းဖြင့် တရားမျှတမှုကို ပြသနိုင်ခဲ့ပါသည်။ သို့သော်လည်း ဒေသနှင့် “မြေသိမ်းယူမှု အမျိုးအစား” တွင် သိသာ ထင်ရှားသော




ကွဲပြားမှုများ ရှိနေပါသည်။ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် မြေ ဧက အမြောက်အမြား ပြန် ပေး နေသော်လည်း မြန်မာနိုင်ငံအတွင်း မြေယာမဲ့မှုအမြင့်ဆုံးဖြစ်နေသည့် ဧရာဝတီတိုင်းတွင်းရှိ ဒေသခံဥပဒေရေးရာအထောက် အကူပြုသူများကိုင်တွယ်နေသည့် အမှုများကို ထိရောက်စွာ မဖြေရှင်းနိုင်သေးပါ။




ပြည်သူ့လွှတ်တော်ကော်မရှင်၏ အစီရင်ခံစာတွင် တပ်မတော်မှ အများဆုံး မြေသိမ်း ယူထားသည့်နေရာများကို ကိုးကားထောက်ပြထားပါသည်။ Namatiနှင့် CPRCG တို့နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေ အထောက် အကူပြုသူများသည် စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စီမံချက်များကြောင့် မြေဈေးနှုန်းများ မြင့်တက်နေသည့် ရှမ်းပြည် တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများကိုလည်း အောင်မြင်စွာ မဖြေရှင်းနိုင်သေးပါ။

မြေသိမ်းယူမှုအမျိုးအစားအရ အချို့သော မြေသိမ်းယူမှုအနည်းငယ်တွင် အစိုးရဝန်ကြီးဌာနများနှင့် မြန်မာ့စီးပွား ရေးကော်ပိုရေးရှင်း (MEC) တို့ပါဝင်ပြီး ကုမ္ပဏီများ၊[၅] ဒေသန္တရအစိုးရ (သို့မဟုတ်) လူပုဂ္ဂိုလ် တစ်ဦးချင်း ပါဝင်နေသည့် အမှုများကို ဖြေရှင်းရာတွင် တိုးတက်မှုတစုံတရာမရှိပါ။ ယင်းအမှုများသည် ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း ပါဝင်သည့် အမှုများဖြစ်ပြီး ပျမ်းမျှအမှု အရွယ်အစားကို ကြီးမားစေပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ လျှပ်စစ်ကုမ္ပဏီကဝန်ထမ်းတစ်ဦး တံခါးခေါက်တော့ ဦးကြည်လင်းကအိမ်မှာပါ။ သူ့ရဲ့မြေပေါ်မှာ လျှပ်စစ်တာဝါတိုင်ဆောက်လုပ်မဲ့အကြောင်း သူတို့ကပြောပါတယ်။ ဒါကအစိုးရ ပရောဂျက်ဖြစ် နေလို့ သူ့ရဲ့ ဆုံးရှုံးသွားတဲ့ သီးနှံတွေအတွက် (သို့) သူ့မြေကို အသုံးပြုတဲ့အတွက် လျော်ကြေးမရှိပါဘူးလို့ ကုမ္ပဏီဝန်ထမ်းက ပြောပါတယ်။ ဦးကြည်လင်းအနေနဲ့ ဒီလိုမျိုး မိမိမြေယာကို အသုံးပြုရင် မြေပေါ်မှာ နေထိုင် တဲ့ တောင်သူကို လျော်ကြေးပေးရမယ်လို့ ဖော်ပြထားတဲ့ လယ်ယာမြေဥပဒေကို မသိပါဘူး။ ဒါပေမယ့် ရပ်ရွာလူထုအခြေပြု ဥပဒေရေးရာအထောက်ပြုတစ်ဦးစီက အကူအညီရယူခဲ့ပါတယ်။ ဒီဥပဒေအကြောင်းကို ဦးကြည်လင်းကို ရှင်းပြပြီး တော့ ကုမ္ပဏီကို ပိုင်နက်ကျူးကျော်မှုနဲ့ အမှုဖွင့်ဖို့ ရဲစခန်းကို သူတို့ သွားကြပါတယ်။

ရဲအရာရှိက ပြဿနာကိုနားမလည်ပဲ "ဒါက အစိုးရက လုပ်တာဖြစ်နေတယ်။ တနိုင်ငံလုံး မီးပေးမယ့်အစီအစဉ် အတွက်ပဲ" လို့ ပြောပါတယ်။ ဥပဒေအထောက်ပြုသူက လယ်ယာမြေ ဥပဒေ ပုဒ်မ ၆၆ကို သိပါသလား၊ ဒီပုဒ်မအရ လျော်ကြေးငွေပေးရမယ်ဆိုတာ သိပါသလားလို့ ရဲ အရာရှိကို သုံးကြိမ်တိုင်တိုင်မေးမြန်းခဲ့ပါတယ်။ ဒီပုဒ်မကို ခပ်ကျယ်ကျယ်ဖတ်ပြလို့ အပြီးမှာတော့ ရဲအရာရှိက လျှပ်စစ်ကုမ္ပဏီနဲ့ ညှိနှိုင်းဖို့ ကူညီပေးပါတယ်။

သူတို့ သုံးယောက်မြို့နယ်အုပ်ချုပ်ရေးမှူးစီသွားတဲ့အခါ "ဒါက အစိုးရ ပရောဂျက်ဖြစ်တယ်" ဆိုပြီး လျော်ကြေး ပေးဖို့ကို ငြင်းဆိုခဲ့ပါတယ်။ နောက်ဆုံးမှာ ဦးကြည်လင်း၊ ဥပဒေအထောက်ပြုသူနဲ့ အလားတူ အဖြစ်မျိုးကြုံ တွေ့နေရတဲ့ အခြားရွာသား ၁၄ ဦးတို့က ဒေသခံအစိုးရဆီကို သွားရောက်ခဲ့ကြပါတယ်။

ဒေသခံအစိုးရက လျော်ကြေးငွေပေးရမယ်လို့ သဘောတူညီခဲ့ပါတယ်။ အဲဒီအခါ လျော်ကြေးဘယ်လောက်ပေး ရမလဲဆိုတာကို ဆုံးဖြတ်ပေးတဲ့ ခက်ခဲတဲ့အပိုင်း စတင်လာပါပြီ။ တာဝါတိုင် ဆောက်မဲ့ မြေပေါ်မှာ တောင်သူ တစ်ဦးစီက မတူညီတဲ့ သီးနှံတွေ စိုက်ပျိုးထားကြတာပါ။ ကုမ္ပဏီက စိုက်ပျိုးရေးမြေပေါ်မှာ တာဝါတိုင်ဆောက် ဖို့ လျော်ကြေးပေးဖို့ တွက်ချက်ရာမှာ သီးနှံတစ်မျိုးမျိုးကို သုံးပြီး တွက်ချက်မယ်လို့ ဆိုပါတယ်။


ဥပဒေကခွင့်ပြုပေးထားတာထက်နည်းပေမယ့် ရပ်ရွာကလူတွေက သဘောတူညီခဲ့ကြပါတယ်။ "ကျတော့ အနေနဲ့ ရလဒ်ကြောင့် ပျော်ပါတယ်။ အချိန်အကြာကြီးလည်း ဆွဲမထားချင်ဘူး။ မြေကိုယူတုန်းကတော့ ဈေးတစ်ခု ဖြတ်ပေးတယ်။ အခုတော့ မြေဈေးက အရမ်းမြင့်သွားပြီ။ ဘယ်ဈေးက အမှန်ဆိုတာ မသိ တော့ပါဘူး။ ဒါပေမဲ့ အခုတော့ ကျတော့ရဲ့ စိတ်တံခါးကို ဖွင့်ထားပါတယ်။ ကျတော့အနေနဲ့ အနာဂတ်အတွက် ပိုပြီး ကောင်းကောင်း ပြင်ဆင်ထားမှာပါ" ဟု ဦးကြည်လင်းက ပြောပါတယ်။

* NAMATI သည် လက်ရှိကာယကံရှင်ကို ကာကွယ်ရန်အလို့ငှာ အမည်ကို ပြောင်းလဲအသုံးပြုထားပါသည်။


[၅]။ တပ်မတော် (သို့) အစိုးရက "ကုမ္ပဏီများ၏ မြေယာသိမ်းယူမှုများ" တွင် မကြာခဏ ပါဝင်ပတ်သတ်နေပါသည်။ သို့သော် ကုမ္ပဏီများသည် အပြင်းပွားမှုတွင် တတိယအဖွဲ့ အစည်းဖြစ်ပြီး မြေယာသိမ်းယူမှု၏ တိုက်ရိုက်အကျိုး ခံစားသူဖြစ်ပါသည်။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သည် မြန်မာ့တပ်မတော်က လုပ်ကိုင်နေသော ဦးပိုင်ကုမ္ပဏီ နှစ်ခုအနက် တစ်ခုဖြစ်ပါသည်။

## ၃။ မြေသိမ်းယူမှုပဋိပက္ခများကို အစိုးရနှင့်အတူ ဖြေရှင်းခြင်းလုပ်ငန်းစဉ်

မြေသိမ်းယူမှုနှင့် လျော်ကြေးပေးခြင်းတို့ကို လမ်းညွှန်ပေးသည့် ဥပဒေ နှစ်ခု (၁) အလွန်ခေတ်နောက်ကျနေသော ၁၈၉၄ မြေယာရယူခြင်းအက်နှင့် (၂) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတို့ ရှိပါသည်။ ၂၀၁၂ ခုနှစ် ဥပဒေပါ လျော်ကြေးနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ဆီလျော်ပြီး၊ အဆိုပါလျော်ကြေးအတွက် တွက်ချက်သည့် နည်းလမ်းသည် တသမတ်တည်း တူညီမှုမရှိပါ။ ဤဥပဒေအရ လယ်ယာမြေများကို နိုင်ငံ၏ အခြေခံ အဆောက်အအုံ စီမံချက်များအတွက် နိုင်ငံတော်က သိမ်းယူသည့် အမှုများတွင် တောင်သူများကို လက်ရှိ ဈေးကွက်ပေါက်ဈေးအပြင် မြေပေါ်တွင် စိုက်ပျိုးထားသော သီးနှံများနှင့် အခြားတည်ဆောက်ထားမှုများ အတွက်ပါ ပေးလျော်ရပါမည်။[၆] မြေကို အကျိုးအမြတ်ရှိသော စီးပွားရေးလုပ်ငန်းအဖြစ် သိမ်းယူသည့်အခါ လျော်ကြေးငွေအတွက် ညှိနှိုင်းရမည်ဖြစ်ပြီး အဆိုပါလျော်ကြေးငွေသည် ဈေးကွက်တန်ဖိုးအောက် မနိမ့်ရပါ။




ကျွန်ုပ်တို့ နှင့် ပူးတွဲဆောင်ရွက်နေသည့ ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများ၏ အမှုများထဲမှ လျော်ကြေးငွေရရှိသည့် အမှုများတွင် ပျမ်းမျှလျော်ကြေးသည် တစ်ဧကလျှင် ကျပ် ၄.၆ သန်းဖြစ်ပါသည်။ တစ်မြို့နယ်အတွင်းတွင်ပင်မြေတန်ဖိုးသည် အကြီးအကျယ်ပြောင်းလဲနိုင်ရာ လက်ရှိ မြေတန်ဖိုးသည် တစ်ဧကလျှင် သန်း ၄၀ ကျပ် (မြန်မာနိုင်ငံ၏ အချို့နေရာများတွင် မြေတစ်ဧကလျှင် ကျပ်သန်း ၂၈၀ ကျော်အထိ ကျော်လွန်နိုင်ပါသည်။)နှင့် နီးစပ်သည်ဟု ပုံပြင်ဆန်သော သက်သေအထောက်အထားက ဆိုပါသည်။ လေ့လာမှုဖြစ်စဉ်မှ တွေ့ရှိသော အချက်အလက်များအရ မြေပြန်ပေးသည်ဟုဆိုသည့်တိုင် အမှုသည် များ တောင်းဆိုသည့် စုစုပေါင်း မြေယာ၏ ပျမ်းမျှ ၆၀% ခန့်အတွက်သာ ပြန်လည်ရရှိခြင်းဖြစ်ပါသည်။ ယင်း အချက်သည် တိုးတက်မှုကို သေသေချာချာ




ဖော်ပြလျက်ရှိပြီး ကြောင်းကျိုးဆက်စပ်သည့် လျော်ကြေးငွေမပါဝင်လျှင် တရားမျှတမှု အပြည့်အဝရရှိသည်ဟု မဆိုနိုင်ပါ။

ထို့အပြင် အမှုသည်များ၏ သုံးပုံနှစ်ပုံတွင် မြေယာသိမ်းယူခံရသည့်အချိန်၌ ပိုင်ဆိုင်မှုကို ဖော်ပြနိုင်သည့်


[၆]။ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီသည် လျော်ကြေးငွေအတွက် တွက်ချက်ရန် တာဝန်ရှိပါသည်။
[၇] x ပျမ်းမျှသီးနှံအထွက် + ၂ x တိုးတက်မှုတန်ဖိုး + လက်ရှိဒေသမြေတန်ဖိုး

အထောက်အထားများရှိသော်ငြားလည်း ဖြေရှင်းခြင်း၊ လျော်ကြေးပေးခြင်း (သို့မဟုတ်) မြေပြန်ပေးခြင်းလုပ်ငန်းစဉ်သည် နှေးကွေးလေးကန်ပြီး ရှည်လျားလှပါသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မြေယာသိမ်းယူမှု ပုံစံကလည်း အမျိုးမျိုးဖြစ်နေပြီး လယ်ယာမြေသိမ်းဆည်းခံ တောင်သူများအား ဒေသခံဥပဒေအထောက်အကူပြုသူမှ ကူညီ ပေးသည့်တိုင် နိုင်ငံတော်အစိုးရ အနေဖြင့် ပျမ်းမျှရက် ၁၈၅ ရက်အတွင်းတွင်သာ အမှုဖြေရှင်းဆောင်ရွက်ပေးနိုင်ပါသည်။ ဆောင်ရွက်ဆဲဖြစ်သည့် အမှုများသည် လုပ်ငန်းစဉ်အတွင်း ပျမ်းမျှ ရက်ပေါင်း ၄၀၀ (အချို့သည် ရက်ပေါင်း ၇၀၀) ရှိနေပြီး ဖြစ်ပါသည်။

အချို့သော အချိန်ကာလ ကြာမြင့်သည့် လုပ်ငန်းစဉ်သည် ဒေသန္တရအဆင့်တွင် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများက အဆိုပါ အမှုများကို ဖြေရှင်းရန် ဆန္ဒမရှိမှု (သို့မဟုတ်) နားလည်သဘောပေါက်မှုမရှိခြင်း တို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ အမှုဖြေရှင်းနိုင်ရန်အလို့ငှာ ဒေသခံဥပဒေအထောက်အကူပြုသူများသည် အမှုသည်နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အစိုးရရုံးဌာနများသို့ မကြာခဏသွားရောက်ရပြီး အနည်းဆုံး ပျမ်းမျှ စာခြောက်စောင်ရေးရပါသည်။ ဖြေရှင်းပိတ်သိမ်းပြီးသည့်အမှုများ၏ ၅၇% တွင် နိုင်ငံတော်အဆင့် နေပြည်တော်သို့ နောက်ဆုံးရည်ညွှန်းပေးပို့ရသဖြင့် အမှုသည်များ အနေဖြင့် ခရီးစရိတ်နှင့် အကွာအဝေး စသည်တို့ကြောင့် နောက်ဆက်တွဲအခြေအနေကို သိရှိရန်ပိုမိုခက်ခဲပါသည်။ ဥပဒေအရ ဗဟိုမြေယာစီမံခန့်ခွဲရေးအဖွဲ့က အဆိုပါအမှုများကို ဖြေရှင်းရန်အတွက် တာဝန်ရှိပါသည်။ သို့သော် ကျွန်ုပ်တို့ နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများမှ လက်ခံဖြေရှင်းပေးသည့် အမှုများသည် ဒေသန္တရအဆင့် (သို့မဟုတ်) ပြည်နယ် အဆင့်တွင်ပင် ပြဿနာကို ဖြေရှင်းနိုင်သည်ဟု အကြံပြုပါသည်။ ယခင်က မြေယာသိမ်းယူမှုများကို ထိခိုက်နစ် နာသူများနှင့် နီးစပ်သည့် အဖွဲ့အစည်းများမှတဆင့် ဖြေရှင်းလျှင် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပြီး ဒေသန္တရ အဆင့်တွင် နောက်ခံအနေအထားနှင့် မြေရာဇဝင်ကို အလွယ်တကူ နားလည်သဘောပေါက်နိုင်ပါသည်။ ပိုမို မျှတသည့် ရလဒ်များလည်း ထွက်ပေါ်လာနိုင်ပါသည်။

နိုင်ငံတော်အစိုးရက ပူးပေါင်းပါဝင်သည့် လက်ရှိစနစ်သည် ဒေသန္တရ အနေအထား၏ ထိခိုက်လွယ်မှုအပေါ် ကောင်းစွာ မပံ့ပိုးပေးနိုင်ပါ။ ဥပမာ ဒေသခံပြည်သူများက တစ်ဦးတစ်ယောက်၏ တောင်းဆိုမှုကို စုပေါင်းအမှုများအတွင်း မကြာခဏလုံးထွေးထည့်လိုက်တတ်ကြသည်။ သို့သော် စုပေါင်းအမှုများတွင် အမှုသည်များ၏ ၁၅% ခန့်တွင် သာ မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်းရှိပါသည်။ လက်တွေ့တွင် နိုင်ငံတော်အစိုးရက အမှုပိတ်သိမ်းပြီး မြေပြန်ပေးခြင်း (သို့မဟုတ်) လျော်ကြေးငွေပေးသည့်အချိန်အခါမျိုးတွင် ခိုင်လုံသော တောင်းဆိုမှုပြုလုပ်သူတိုင်းသည် အဆိုပါ လျော်ကြေးပေးမှုတွင် အညီအမျှမရနိုင်ပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရှုပ်ထွေးသော မြေယာသိမ်းယူမှုရာဇဝင်နှင့် မြေပြန် လည်ပေးအပ်ခြင်းတို့နှင့် စပ်လျဉ်းပြီး တူညီသော မြေကွက်တစ်ကွက်တည်းကိုပင် ရထိုက်သည်ဟု တောင်းဆို သူများစွာ ရှိနိုင်ပါသည်။

ဥပမာ - ဧရာဝတီတိုင်းတွင် မြေယာပဋိပက္ခများသည် ၁၉၉၀ ပြည့်လွန်နှစ်များက တောင်သူများအား ၎င်းတို့၏ မြေများမှ အဓမ္မမောင်းထုတ်မှုမှ အခြေခံပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့အနေဖြင့် အခွန်ပုံမှန်မပေးနိုင်သော ကြောင့် (သို့မဟုတ်) သတ်မှတ်ထားသော စိုက်ပျိုးရေးထုတ်လုပ်မှုမှာ သတ်မှတ်ပမာဏ (ကိုတာ)နှင့် ပြည့်မီအောင် မထုတ်လုပ်နိုင်သောကြောင့်ဖြစ်ပါသည်။ ထိုအခါ ဒေသခံအစိုးရက အဆိုပါလယ်မြေကို အခြားသော အသေး စားတောင်သူများအား ပေးကာ နိုင်ငံတော်အစိုးရ၏ မြေငှားအဖြစ်အလုပ်လုပ်စေပါသည်။ နှစ်ကြာလာသည့်အခါ ရလဒ် အနေဖြင့် တောင်သူ ၅ ယောက် (သို့မဟုတ်) ၆ ယောက်က မြေတစ်ကွက်တည်းကိုပင် သူရခွင့်ရှိသည်၊ ငါရခွင့်ရှိသည်ဟု  တောင်းဆိုလာခြင်းဖြစ်သည်။ မြေကိုပြန်ပေးသည့်အခါ မြေစာရွက်စာတမ်းထုတ်ပေးခြင်းသည် အဆင်ပြေသလို ကြုံရာကျပန်းဖြစ်နေသည်။ တခါတရံတွင် မြေပိုင်ဆိုင်မှုကို မူရင်းတောင်သူမိသားစုထံ ပြန်ပေးပါသည်။ တခါတရံတွင် တပ်မတော်၏ မြေငှားအဖြစ် မြေပေါ်တွင် လုပ်ကိုင်နေသူ မိသားစုအား ပေးပါသည်။ တခါတရံတွင် မြေကို ယခုလက်ရှိ အသုံးပြုနေသည့် တောင်သူများအား ပေးပါသည်။ မူလတောင်သူ (သို့မဟုတ်) မြေပေါ်တွင် ယခု လက်ရှိလုပ်ကိုင်စားသောက်နေသူက လျော်ကြေးငွေ ရရှိနိုင်သည်ဟူ၍၊ ပမာဏသတ်မှတ်ချက်ဖြင့် မည်၍မည်မျှ ပေးရမည်ဟူ၍ လက်ရှိတွင် သတ်မှတ်ထားသည့် တသမတ်တည်းဖြစ်စေသော နိုင်ငံတော်အစိုးရ၏မူဝါဒမရှိပါ။



# ၄။ အကြံပြုချက်များ

**၁။ လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်း စစ်ဆေးရေးကော်မရှင် နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသည် ပထဝီဝင်အနေအထားအရ မြေပုံအညွှန်းနှင့် လက်ခံရရှိသူများ အပါအဝင် ပြန်ပေးသည့် မြေယာဆိုင်ရာ သတင်းအချက်အလက်များကို အသေးစိတ် ထုတ်ဝေရ ပါမည်။** လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်း စစ်ဆေးရေးကော်မရှင် နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက ခွင့်ပြုသည့် လုပ်ငန်းစဉ် (သို့မဟုတ်) လျော်ကြေးငွေ ပေးအပ်ခြင်း မရှိဘဲ မြေသိမ်းယူခြင်းအတွက် တာဝန်ယူမှုကို အသိအမှတ် ပြုခြင်းသည် အားရကျေနပ်စရာကောင်းသည့် အောင်မြင်မှုဖြစ်ပါသည်။ သို့သော် မြေပြန်ပေးမှုနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရ၏ အခိုင်အမာပြောဆိုချက်ကို အတည်ပြုရန် ခက်ခဲပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အချက်အလက်များကို အလွယ်တကူ ရရှိနိုင်စေရန်နှင့် စိစစ်အတည်ပြုနိုင်ရန် ဆောင်ရွက်ပေးရပါမည်။ ကော်မရှင်က ကြားနာစစ်ဆေးသည့် အမှုအများစုသည် စုပေါင်းအမှုများဖြစ်ရာ မြေယာပြန်ပေးခြင်းနှင့် လျော်ကြေးငွေပေးခြင်းတို့တွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အကျိုးခံစားသူတို့နှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိခြင်းသည် အရေးပါပါသည်။ သို့မှသာ ဒေသန္တရ အဆင့်တွင် ရပ်ရွာပြည်သူများ အတွင်း ပဋိပက္ခဖြစ်ပွားမှုကို လျော့ချနိုင်မည်ဖြစ်ပြီး အဆိုပါ ဒေသန္တရအဆင့်တွင် ထိခိုက်သွားသော တောင်သူများ အားလုံးအတွက် တရားမျှတသော ကုစားမှုပေးရန် နောက်ဆက်တွဲအဆင့်များ လုပ်ဆောင်ရန် လိုအပ်ပါသည်။ တခါတရံတွင် မည်သည့်အခါကမျှ ပြန်တောင်းဆိုခြင်းမရှိသည့် ပုဂ္ဂိုလ်များထံသို့ (သို့မဟုတ်) မြေပေါ်တွင် မူလလုပ်ကိုင်သူမဟုတ်သူများအား ပြန်ပေးလေ့ရှိပါသည်။

**၂။ မြေပြန်မပေးသည့် (သို့မဟုတ် မြေများအားလုံး ပြန်မပေးသည့်) အမှုများတွင် ငွေကြေးအလျော်ပေးခြင်းသည် လက်ရှိဈေးကွက်တန်ဖိုးကို ထင်ဟပ်ရမည်ဖြစ်ပြီး ဆုံးရှုံးသွားသော ထုတ်လုပ်မှုအတွက် လျော်ကြေး ပါဝင်ရပါမည်။** နိုင်ငံတကာ၏ အကောင်းဆုံးလုပ်ထုံးလုပ်နည်း စံနှုန်းများနှင့် ကိုက်ညီစေရန် အဆိုပါ လျော် ကြေးသတ်မှတ်မှုကို အမှုများအားလုံးတွင် တသမတ်တည်း အသုံးပြုရပါမည်။ အခြားနည်းလမ်းများ ဖြစ်သည့် မြေအသုံးပြုခွင့်ကဲ့သို့သော နည်းလမ်းကို အလားအလာရှိသော အလယ်အလတ်ဖြေရှင်းခြင်း နည်းလမ်းအဖြစ် လေးလေးနက်နက်စဉ်းစားရမည်ဖြစ်ကာ ရှည်လျားသော ထုတ်လုပ်၊ စီမံ၊ ပြုပြင်သည့် ကာလကို ခွင့်ပြုထားပါမည်။

ကျွန်ုပ်တို့ နှင့် ပူးတွဲဆောင်ရွက်နေသည့် ဒေသခံဥပဒေရေးရာအထောက်အကူပြုသူများ ကိုင်တွယ်သည့်အမှုများတွင် မြေတစ်ဧကလျှင် ပျမ်းမျှကျပ် ၄.၆ သန်း သတ်မှတ်ပေးရာ အဆိုပါ ငွေကြေးတန်ဖိုးသည် ဈေးကွက်ပေါက်ဈေး၏ ဆယ်ပုံပုံ တစ်ပုံသာရှိပြီး တောင်သူများအနေဖြင့် မိမိတို့၏ မြေသည် ဤမျှသာတန်ဖိုးရှိသည်ဟု ယုံကြည်နေပါသည်။

**၃။ ဒေသန္တရအစိုးရအဖွဲ့အစည်းများအား မြေယာသိမ်းယူမှု ပဋိပက္ခများကို ဖြေရှင်းရန် စွမ်းဆောင်ရည် မြှင့် ပေးသင့်ပါသည်။** သက်သေအထောက်အထားများအရ မြေကေအနည်းငယ်အတွက်မှလွဲ၍ အမှုအများစုကို အမျိုးသားအဆင့်သို့ တင်ပြကာ ဖြေရှင်းချက်တောင်းခံနေရပါသည်။ ယင်းသည် လေးကန်နှောင့်နှေးပြီး ရှည်လျားသောလုပ်ငန်းစဉ်ကို ဖြစ်ပေါ်စေပြီး မသေချာသော မြေယာအခွင့် အရေး၊ ဒေသန္တရအဖွဲ့အစည်းများသည် မိမိတို့ချမှတ်မည့် ဆုံးဖြတ်ချက်များအတွက် အငြင်းပွားမှု ပြဿနာကို ဖြေရှင်းရန်အလို့ငှာ အသေးစိတ်ကျသော ပွင့်လင်းမြင်သာသည့် သတ်မှတ်ချက်များ ချမှတ်ရမည်ဖြစ်ကာ ၎င်းတို့ကို အမျိုးသားအဆင့် အဖွဲ့အစည်းများက စွမ်းဆောင်ရည် မြှင့်တင်ပေးရ ပါမည်။

**၄။ နိုင်ငံတော်အစိုးရအနေဖြင့် မြေပိုင်ဆိုင်သည်ဟု တောင်းဆိုသူများအား သိမ်းယူမြေများပြန်လည်ခွဲဝေပေးခြင်းနှင့် လျော်ကြေးပေးခြင်းအတွက် တရားမျှတသော လုပ်ငန်းစဉ်ကို ချမှတ်ဖော်ဆောင်ရန်လိုအပ်ပါသည်။** လယ်မြေစုံစမ်းရေးကော်မရှင်က ဆုံးဖြတ်သည့် အမှုအများစုသည် စုပေါင်းအမှုများဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အချက်အလက်များအရ စုပေါင်းအမှုများတွင် အမှုသည်များ၏ ၁၅%ခန့်၌ မြေယာပိုင် ဆိုင်မှု အထောက်အထားရှိပါသည်။ ပြည်တွင်းမြေယာအငြင်းပွားမှုများတွင် အမှုသည်များ၏ ၇၀%ခန့် တွင် မြေပိုင်ဆိုင်မှု စာရွက်စာတမ်းများ ရှိပါသည်။ ပြန်ပေးသည့် မြေတကွက်တည်းအပေါ်တွင် သူပိုင် သည်၊ ငါပိုင်သည်ဟု ဝိုင်းဝန်းတောင်းဆိုကြသောကြောင့် မြေယာခွဲဝေမှုအပေါ်တွင် အငြင်းပွားမှုများ ထပ်မံဖြစ်ပွားနိုင်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှင်းလင်းပြတ်သားကာ ပွင့်လင်းမြင်သာမှုရှိသော သတ်မှတ် ချက်များကို ချမှတ်ရန်လိုအပ်ပြီး သို့မှသာ ပိုင်ဆိုင်မှုအတွက် ဝိုင်းဝန်းတောင်းဆိုမှုကို အားလုံးပူးပေါင်း ပါဝင်ခြင်းဖြင့် ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

**၅။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့နေမဟုတ်သော ဥပဒေအထောက်အကူပြုသူ ပုံစံသည် ရပ်ရွာပြည်သူများ အား ဥပဒေပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းဖြစ် သည်ကိုသတိပြုမိရပါမည်။** ဤအချက်အလက်များက ပြဿနာများ ပြန်လည်ဖြေရှင်းပေးရန် စောင့်မျှော်နေသော ပြည်သူများအတွက်နှင့် အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အတွက် လွတ်လပ်အမှီအခိုကင်းသော ပံ့ပိုးမှု၏ အရေးပါပုံကို ဖော်ပြထားပါသည်။ ဥပမာ အိန္ဒိယနိုင်ငံ တွင် မျိုးနွယ်စုများနေထိုင်သည့် ခရိုင်များတွင် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှု အခွင့်အရေးကို ကာကွယ် ပေးနိုင်ရန် ပံ့ပိုးပေးမည့် ရှေ့နေမဟုတ်သော ဥပဒေအထောက်အကူပြုသူများကို အစိုးရက ရန်ပုံငွေ ထောက်ပံ့ထားပါသည်။ မြန်မာနိုင်ငံသည်လည်း အလားတူစွာ မူဝါဒဆိုင်ရာရည်မှန်းချက်များ ပြည့်မြောက်စေရန် ကူညီပေးရာတွင် ပါဝင်နိုင်သည့် ရှေ့နေ မဟုတ်သည့် ဥပဒေ အထောက်အကူ ပြုသူများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုနိုင်ပါသည်။ ဥပမာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ ပဋိ ပက္ခဖြေရှင်းမှုလုပ်ငန်းစဉ်တွင် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ၎င်းတို့ကို ခွင့်ပြုနိုင်ပါသည်။

## ကျေးဇူးတင်လွှာ

Namati၏ မြန်မာနိုင်ငံဆိုင်ရာ Program Officer Ms.Caitlin J. Pierceသည် ဤအကျဉ်းချုပ်တင်ပြချက်ကို သုတေသနပြုပြီး ရေးသားခဲ့ပါသည်။ Namatiအဖွဲ့ဝင်များဖြစ်သည့် Ms.Laura Goodwin၊ ဒေါ်နန့်သီသီဦး၊ ဦးညီညီထွေး နှင့် Mr.Tim Millar တို့က အချက်အလက်များ စစ်ဆေးခြင်းနှင့် တည်းဖြတ်ခြင်းတို့တွင် ပါဝင်ကူညီခဲ့ကြပါသည်။ ဤအကျဉ်းချုပ်တင်ပြမှုအတွက် အချက်အလက်များ ပေးပါသော Namati – CPRCG ဥပဒေ အထောက်အကူ ပြုသူများကိုလည်း မြန်မာ့ရပ်ရွာပြည်သူများအား မြေယာအခွင့်အရေးများ တောင်းဆိုရာတွင် မနားမနေ ပါဝင် ကူညီပံ့ပိုးပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

## နည်းလမ်း

ဤအကျဉ်းချုပ်တင်ပြမှုအတွက် သုံးသပ်ထားသော အချက်အလက်များကို Namatiနှင့် CPRCG ဥပဒေ အထောက်အကူပြုသူများက ရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူများအဖြစ် ဆောင်ရွက်ကာ ၎င်းတို့ ကိုင်တွယ်ဖြေရှင်းခဲ့ရသည့် ၂၀၁၃ခုနှစ် ဩဂုတ်နှင့် အောက်တိုဘာလ ၂၀၁၅ခုနှစ်အတွင်း မြေယာပြဿနာများ အပေါ် အခြေပြုကာ ပေါင်းစည်းထားခြင်းဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီအတွင်းရှိ မြို့နယ်အချို့တွင် အဆိုပါရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများကို တာဝန်ချထားပေးပြီး အမှုသည် များက တောင်းဆိုလာသည့် အမှုများကို ကိုင်တွယ် ဖြေရှင်းပေးပါသည်။ ဤအချက်အလက်များ သည် အားလုံးအပေါ် အပြည့်အဝ လွှမ်းခြုံမှု (သို့မဟုတ်) စစ်မှန်သော ကြုံရာကျပန်းဆောင်ရွက်ထားခြင်းမဟုတ်ပါ။ သို့သော် မြေသိမ်းယူမှုအမှုပေါင်း ၁၇၀၀ ကျော်၏ အရည်အသွေးပြည့်မီသော အရည်အတွက်အားဖြင့် ပြည့်စုံ သော အချက်လက်များပါဝင်ပါသည်။ အမှုတစ်ခုစီအတွက် ဥပဒေအထောက်အကူပြုသူများက အချက် အလက် များ မှတ်တမ်းတင်ထားပြီး အမှုတိုင်းအတွက် အရည်အသွေးရှိသော သတင်းအချက် အလက်များကို ကနဦးကတည်းက သတိပြုရှာဖွေစုဆောင်းထားပါသည်။ ရပ်ရွာအခြေပြု ဥပဒေရေးရာ အထောက်အကူပြုသူများအဖြစ် အချိန်ပြည့်လုပ်ဆောင်ခြင်းဖြစ်သောကြောင့် သက်ဆိုင်သည့် ရပ်ရွာပြည်သူ များ ပါဝင်မှုနှင့် ဗျူရိုကရေစီဆန်သော လုပ်ငန်းစဉ်များကိုလည်း ဖော်ပြထားပါသည်။ ၂၀၁၃ ခုနှစ်နှင့် အောက်တိုဘာ ၂၀၁၅ ခုနှစ်အတွင်းတွင် Namatiနှင့် CPRCG တို့နှင့် မြန်မာနိုင်ငံတဝှမ်းရှိ ပြည်နယ်နှင့် တိုင်းဒေသ ကြီး၇ခုတွင် ပူးတွဲအလုပ်လုပ်ကိုင်နေသော ရပ်ရွာအခြေပြု ဥပဒေရေးရာအထောက်အကူပြုသူ ၃၀ ဦးရှိပါသည်။ မြေယာ သိမ်းယူမှု စုစုပေါင်း အမှုပေါင်း ၁၇၀၀အနက် ဤမူဝါဒဆိုင်ရာ အကျဉ်းချုပ်တင်ပြမှုက အမှုပေါင်း ၁၃၂ မှုကို အခြေပြုထားပြီး ယင်းတို့အတွက် အချက်အလက်အများစုကို ရရှိနိုင်ပြီး ဥပဒေအထောက်အကူပြုသူ ထွက်သွားလျှင်သော်မှ အမှုကို မပိတ်ပစ်သော အမှုများဖြစ်ပါသည်။

## Namati:

Namatiသည် ဥပဒေရေးရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို အလေးထားသည့် အပြည်ပြည်ဆိုင်ရာ NGO တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေအနက် ၄ ဘီလီယံ သည် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုပြင်ပတွင် နေထိုင်ရ သည်ဖြစ်ရာ Namatiအနေဖြင့် ဥပဒေကို ပြည်သူများ၏ လက်အတွင်းထည့်ပေးရန် ရည်ရွယ်ပါသည်။ Namati သည် ရပ်ရွာအခြေပြု ရှေ့နေမဟုတ်သော ဥပဒေအထောက်အကူပြုသူများဟုခေါ်သည့် အောက်ခြေဥပဒေ အကြံပေးမှုဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်ကို တည်ဆောက်လျက်ရှိပြီး အဆိုပါရပ်ရွာအခြေပြု ဥပဒေ အထောက် အကူပြုသူများက ဥပဒေနှင့် လက်တွေ့ဘဝကို တံတားသဖွယ် ပေါင်းကူးပေးကာ ရပ်ရွာပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပါသည်။ သုံးနှစ်အတွင်း Namatiသည် နိုင်ငံပေါင်း ရှစ်နိုင်ငံ၌ ဥပဒေအထောက် အကူပြုသူများ၏ ရှေ့တန်းနယ်နမိတ်ကို တည်ဆောက်လျက်ရှိပါသည်။ အဆိုပါ ဥပဒေအထောက်အကူပြုသူ များသည် ကျွန်ုပ်တို့ အသက်ရှင်နေသည့် ကာလအတွင်း အကြီးကျယ်ဆုံးသော တရားမျှတမှုပြဿနာရပ် အချို့ကို ဖြေရှင်းနိုင်ရန် လူထောင်ပေါင်းများစွာကို ပံ့ပိုးကူညီလျက်ရှိပါသည်။ အဆိုပါပြဿနာများမှာ ၎င်းတို့၏ မြေယာနှင့် ပတ်ဝန်းကျင်ကို စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် လုပ် ဆောင်ပေးခြင်းနှင့် နိုင်ငံသားအခွင့်အရေးကို ရရှိလုံခြုံစေခြင်းတို့ဖြစ်ပါသည်။ Namatiအနေဖြင့် အဆိုပါ အောက်ခြေအတွေ့အကြုံများမှတဆင့် ဥပဒေနှင့် ဥပဒေကိုအသုံးပြုမည့် အဖွဲ့အစည်းများ၏ အကြီးစားဖွဲ့စည်း ပုံ ပြုပြင်ပြောင်းလဲမှုကို ရှာဖွေသွားပါမည်။

## Namatiမြန်မာပရိုဂရမ်

Namatiသည် ၂၀၁၃ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံ၌ အစီအစဉ်တစ်ခုချမှတ်ပြီး မြေယာအခွင့်အရေး (စာရင်းသွင်းခြင်း၊ အမျိုးအစားပြန်လည်ခွဲခြားခြင်းနှင့် မြေယာသိမ်းယူမှု)ကို သီးခြား အလေးအနက်ထားလုပ်ဆောင်ပါသည်။ ၂၀၁၃ခုနှစ် ဩဂုတ်လနှင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ အတွင်း  မြန်မာ NGO တစ်ခုဖြစ်သည့် Civil and Political Rights Campaign Group (CPRCG) တို့နှင့် ပူးပေါင်းကာ ပဲခူး၊ ဧရာဝတီ၊ ကယား၊ မကွေး၊ မွန်၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ် စသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၇ ခု တို့တွင် တောင်သူလယ်သမားများကို အကူအညီပေးနေသည့် ဥပဒေအထောက်အကူပြုသူ ၃၀ ဦးပါ ကွန်ယက်အား သင်တန်းပေးခြင်းနှင့်ပံ့ပိုးပေးခြင်းတို့ လုပ်ဆောင်လျက်ရှိပါသည်။ ထိုအချိန်မှစတင်၍ ဒေသခံ မိတ်ဖက် အဖွဲ့ အသစ် ၅ ဖွဲ့ နှင့် ပူးပေါင်းလက်တွဲကာ ဥပဒေအထောက်အကူပြုသူ ၉၀ ဦးပါဝင်သည့် ကွန်ယက်အဖြစ် ကြီးထွား လာခဲ့ပါသည်။

## နိုင်ငံသား နှင့် နိုင်ငံရေး အခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုအဖွဲ့ (CPRCG)

နိုင်ငံသား နှင့် နိုင်ငံရေး အခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုအဖွဲ့သည် မြန်မာနိုင်ငံ NGO အနေဖြင့် ရှေ့နေများ နှင့် လူမှုရေးလှုပ်ရှားဆောင်ရွက်နေသူများဖြင့် ပူးပေါင်းကာ ခိုင်မာ၍ ထိရောက်သော တရားဥပဒေစိုးမိုးရေး နှင့်

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။ အဖွဲ့အား ၂၀၁၀ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး အဖွဲ့အနေဖြင့် ဥပဒေရေးရာဆိုင်ရာ အချက်အလက်များအား နေထိုင်ရာ ဒေသခံပြည်သူအများ အသိအမြင်ရရှိရေး တိုးတက်စေရန် နှင့် မိမိတို့ ကြုံတွေ့ရသော ဒေသတွင်းဆိုင်ရာကိစ္စရပ်များအား ဥပဒေများ နှင့် တရားသော နည်းဗျူဟာများအသုံးပြု၍ မိမိတို့ကိုယ်တိုင်ဖြေရှင်းတတ်ရန် ကူညီဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်သည်။ အဖွဲ့၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံသား နှင့် နိုင်ငံရေး အခွင့်အရေး ဒေသခံပြည်သူလူထု အပေါ်အပြည့်အဝ ရရှိစေရေးတိုးတက်စေရန် နှင့် မြေယာ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ အား ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်သည်။ အဖွဲ့သည် ပဲခူးတိုင်း၊ ပြည်မြို့ တွင်တည်ရှိသည်။